ABSDF
All Burma Students' Democratic Front
P.O. Box 31, Mae Sarlang, Mae Hong Son 58110, Thailand

## မြန်မာနိုင်ငံအတွင်း ဖိနှိပ်မှုများ ရပ်ဆိုင်းရေးနှင့် ဒီမိုကရေစီရေးလှုပ်ရှားမှုအားအရှိန်အဟုန်ဆက်လက်မြှင့်တင်နိုင်ရေးအတွက် "အော်လ်ဘာနီ" မိုင်–၂၀၀ ငြိမ်းချမ်းရေးခရီးရှည် လမ်းလျှောက်ချီတက် ဆန္ဒပြပွဲနှင့် ပတ်သက်၍ မကဒတမှ အားပေးထောက်ခံကြောင်း ထုတ်ပြန်ကြေညာချက်။

မြန်မာပြည်တွင်း နအဖစစ်အုပ်စု၏ မတရားဖိနှိပ်နေမှုများ ရပ်တန့်ချုပ်ငြိမ်းရေး၊ မြန်မာ့ဒီမိုကရေစီရေးကို အမေရိကန်ပြည်သူများနှင့် နိုင်ငံတကာမှ ပိုမိုသိရှိနိုင်ရေး၊ ကမ္ဘာ့ကုလသမဂ္ဂအနေဖြင့် ထိရောက်ပြီး တိကျမှုရှိသော အရေးယူမှုများဖြင့် နအဖ စစ်အုပ်စုအား အရေးယူဆောင်ရွက်လာစေရေး၊ နအဖ စစ်အုပ်စုအား ပြည်တွင်းမှ တိုက်ပွဲဝင်နေမှုများနှင့် ပြည်ပရောက် ဒီမိုကရေစီရေး လှုပ်ရှားနေသူများအကြား သွေးစည်းညီညွတ်ရေးကို ဖော်ပြခြင်း ... စသည့် ရည်ရွယ်ချက်များဖြင့် အမေရိကန်နိုင်ငံတွင် နိုင်ငံရေးဒုက္ခသည်များ အဖြစ်နေထိုင်လျက်ရှိသော မကဒတ တပ်ဖွဲ့ဝင်ဟောင်း ဦးဟန်လင်းနှင့်အတူ ဦးမောင်မောင်တိတ်၊ ဦးဝင်းရွှေတို့ဦးဆောင်၍ အမေရိကန်နိုင်ငံ အော်လ်ဘာနီမြို့တော် "ဂရက်(ဖ)တွန်ငြိမ်းချမ်းရေးစေတီရှေ့" မှ နယူးယောက်မြို့တော် ကမ္ဘာ့ကုလသမဂ္ဂ အဆောက်အဦရှေ့ထိ ခရီးရှည်မိုင် (၂၀၀) ချီတက်ပွဲကို ၂၀၀၄ ခုနှစ်၊ စက်တင်ဘာလဆန်းမှ စတင်၍ ချီတက်ဆန္ဒပြနေမှုအား မိမိတို့ မကဒတ (ကျောင်းသားတပ်မတော်) မှ လှိုက်လှဲစွာ ကြိုဆိုထောက်ခံအပ်ပါသည်။

မိမိတို့ မကဒတ (ကျောင်းသားတပ်မတော်) အနေဖြင့် သတ္တမအကြိမ်ညီလာခံမှ ချမှတ်ထားသည့် "လက်နက်ကိုင်တိုက်ပွဲနှင့် လူထုတိုက်ပွဲ ပေါင်းစပ်ရေး" လုပ်ငန်းစဉ်ကို ချမှတ်အကောင်အထည်ဖော်နေပြီဖြစ်သည့် အားလျော်စွာ စစ်အုပ်စုဆန့်ကျင်ရေးလှုပ်ရှားမှုများကို မိမိတို့ချမှတ်ထားသော လမ်းစဉ်များနှင့်အညီ ထောက်ခံအားပေး ပူးပေါင်းသွားမည် ဖြစ်သည်။ ထို့အတူ ဘုံရန်သူ စစ်အုပ်စုအား ထောက်ခံအားပေး သက်ဆိုးရှည်စေမည့် လုပ်ရပ်မှန်သမျှကိုလည်း ဆန့်ကျင်သွားမည်ဖြစ်သည်။

အထက်ပါ မိုင် (၂၀၀) ခရီးရှည် ချီတက်ပွဲသည် လက်ရှိဘုံရန်သူစစ်အုပ်စု တိုက်ဖျက်ရေးအတွက် အကျိုးရှိသော နည်းနာတခု အဖြစ် မှတ်ယူပါသည်။ မိမိတို့သည် မတူညီသောအခြေအနေများအရ စစ်အုပ်စုအား နည်းလမ်းပေါင်းစုံဖြင့် တိုက်ပွဲဝင်ရမည်သာ ဖြစ်သည်။ အထူးသဖြင့် ဤခရီးရှည်ချီတက်ပွဲသည် အမေရိကန်ပြည်သူလူထု၏ ထောက်ခံအားပေး စာနာမှုအာရုံကို ဖမ်းစားနိုင်လိမ့်မည်ဟု မိမိတို့မှ ယုံကြည်မိပါသည်။ ပြည်ပရောက် မြန်မာ့ဒီမိုကရေီအရေးလှုပ်ရှားသူ အင်အားစုများအနေဖြင့် မိမိတို့နေထိုင်ရာ နိုင်ငံနှင့်ဒေသအတွင်းရှိ တိုင်းပြည်များမှ ပြည်သူလူထု၏ စာနာထောက်ခံ ပူးပေါင်းပါဝင်မှုရယူနိုင်ရေး လှုပ်ရှားမှုများကို ပိုမိုတိုးမြှင့် ဆောင်ရွက်သင့်ပါသည်။ မြန်မာ့ဒီမိုကရေစီအရေးကို ကမ္ဘာက သိလေ အောင်ပွဲနီးလေ ဖြစ်မည် ဖြစ်ပါသည်။

ထို့အပြင် ခရီးရှည်ချီတက်ပွဲတွင် ပါဝင်ဆင်နွှဲနေသော ရဲဘော်များ၏ ပန်းတိုင်ဖြစ်သည့် ကမ္ဘာ့ကုလသမဂ္ဂ အဆောက်အဦရှေ့တွင် အစာငတ်ခံဆန္ဒပြပွဲတရပ်ကို ဆက်လက်ဆင်နွှဲမည်ဟု မိမိတို့ကြားသိရပါသည်။ မိမိတို့၏ ပင်ပန်းနွမ်းနွယ်မှုကို ဂရုမထားဘဲ တိုင်းပြည်နှင့်လူမျိုးအတွက် ကိုယ်ကျိုးစွန့်တိုက်ပွဲဝင်ရန် ဆုံးဖြတ်ခဲ့ကြသော ရဲဘော်များ၏ လုပ်ရပ်အား မိမိတို့ မကဒတ (ကျောင်းသားတပ်မတော်) မှ လေးနက်စွာ ထောက်ခံကြိုဆိုပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

ရဲဘော်များကျန်းမာကြပါစေ။
စစ်အာဏာရှင်များကျဆုံးပါစေ။
ဒီမိုကရေစီတော်လှန်ရေးမုချအောင်ရမည်။

ဗဟိုကော်မီတီ
မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး။

ရက်စွဲ။ ။၂၀၀၄ ခုနှစ် စက်တင်ဘာလ (၁၀)ရက်။
ပိုမိုသိရှိလိုပါကဖုံး ၀၁–၃၇၅–၆၀၃၃ သို့ ဆက်သွယ်ပါရန်။

E-mail: absdfhq@cscoms.com,absdf-hq@absdf.net